# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 18 , 2022 Volume 59, Number 11


**၁၈.၁၀.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၆၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆန်စပါးဝယ်လိုအားများနေပြီး လက်ငင်းငွေပေးချေနိုင်သဖြင့် ထုတ်လုပ်တင်ပို့မှုများ ပိုမိုအဆင်ပြေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများရှိပြီး ဆန်ဝယ်လိုအား များနေသော်လည်း ဆန်စပါးဝယ်ယူရာတွင် လက်ငင်းငွေပေးချေနိုင်သည့်အတွက် စပါးစိုက် တောင်သူများ၊ ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များ၊ ပြည်ပတင်ပို့ ရောင်းချသူများ အဆင်ပြေ အကျိုးဖြစ်ထွန်းလျက်ရှိပြီး နိုင်ငံတော်မှလည်း ပြည်ပသို့တင်ပို့သည့် ဆန်များကို အရည်အသွေးထိန်းချုပ်နိုင်သည့်အပြင်၊ ဘဏ်နှင့်ချိတ်ဆက်မှုများ ပိုမိုအဆင်ပြေ ကောင်းမွန်လာသည့်အတွက် ယခုနှစ်တွင် အရင်နှစ်များထက် ထုတ်လုပ်တင်ပို့မှုများ ပိုမိုအဆင်ပြေကြောင်း ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)မှ သိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများလာတယ်။ ဒီအတွက်ကြောင့် ဆန်ဝယ်လိုအား ပိုမိုများပြားလာတယ်။ အဓိကကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မနောသုခ၊ ရတနာဖြိုး စသည့်ဆန်တွေကို တင်ပို့နေတာပါ။ ပြည်တွင်းစားသုံးမှုကိုတော့ မထိခိုက်ပါဘူး။ ကုမ္ပဏီ ၃၀ ကျော်လောက်ထိကို တင်ပို့ခွင့်ပြုထားတဲ့အတွက် ဝယ်လိုအား များလာတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အရည်အသွေးပိုင်းကို ထိန်းချုပ်နိုင်သလို ဘဏ်နဲ့ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်တဲ့အတွက် ကာလတိုငွေချေးယူခွင့်ရတယ်။ ဈေးကွက်မှာလည်း ငွေလက်ငင်းစနစ်နဲ့ ဝယ်ယူလာနိုင်တယ်။ ဒီနှစ်ကတော့ ဈေးကောင်းရရှိပြီး အဆင်ပြေတဲ့နှစ်လို့ ပြောလို့ရပါတယ်။

စပါးဈေးကွက်မှာ စပါးအစိုဈေးနှုန်း ကတ္တားချိန် ၅၂ ပေါင်ကို ငွေကျပ် ၁၀ သိန်းဝန်းကျင်နဲ့ စပါးအခြောက်ဈေးနှုန်း ကတ္တားချိန် ၄၆ ပေါင်ကို ငွေကျပ် ၁၂ သိန်းဝန်းကျင်ရှိနေပြီး ဝယ်လိုအားများနေတဲ့အတွက် ယခုနှစ် နွေစပါးကိုလည်း အင်တိုက်အားတိုက် စိုက်ပျိုးမှုများ ရှိလာနိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်း ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)မှ အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဝင်းသို့ မနောသုခ၊ ရတနာဖြိုး စသည့်ဆန်များ အများဆုံးဝင်ရောက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှဆန်များ ဝင်ရောက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့်ဆန်၏ သုံးပုံတစ်ပုံသာ ဘုရင့်နောင်ကုန်စည်ဝင်းသို့ဝင်ရောက်ပြီး နှစ်ပုံခန့်သည် ပုသိမ်မြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သင်္ဘောဖြင့် တိုက်ရိုက်တင်ပို့လျက်ရှိသည်။ ဘုရင့်နောင်ကုန်စည်ဝင်းသို့ နေ့စဉ်ဆန်အိတ်ပေါင်း တစ်သိန်းဝန်းကျင်ခန့် ပုံမှန်ဝင်ရောက်လျက်ရှိရာ ဝင်ရောက်လာသည့်ဆန်များကို ဘင်္ဂလားဒေ့ရှ်နှင့်ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့နေကြောင်း သိရသည်။ **Source:** https://www.myawady.net.mm/node/31596

### CONTACT US

**ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ**


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အိန္ဒိယနှင့်မြန်မာ ပဲစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ



https://www.foodindustrydirectory.com.mm

အိန္ဒိယနိုင်ငံတွင် မိုးသီးနှံစိုက်ဧရိယာသည် ယခုအချိန်အထိ လျော့နည်းလျက်ရှိပြီး ယခုနှစ် မိုးသီးနှံထုတ်လုပ်မှုမှာ တန်ချိန် ၁၄၉.၉ သန်းခန့်သာရှိပြီး ယခင်နှစ် ထုတ်လုပ်မှုထက် ၄ ရာခိုင်နှုန်း လျော့နည်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဲမျိုးစုံ စိုက်ဧရိယာမှာ ၅.၆ ရာခိုင်နှုန်းထိ လျော့နည်းလျက်ရှိပြီး၊ အချို့ဒေသများတွင် မိုးရေ အလုံအလောက်မရရှိသောကြောင့် ပဲမျိုးစုံစိုက်ဧရိယာကျဆင်းလာသည်ကို လေ့လာတွေ့ရှိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မိုးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ၄ ရာခိုင်နှုန်း လျော့နည်းသွားသော်လည်း ဆည်များတွင်ရေပြည့်နေသောကြောင့် ဆောင်းသီးနှံစိုက်ပျိုးရာမှာ အဆင်ပြေနိုင်ကြောင်း သိရှိရပါသည်။ ပြည်နယ်အချို့တွင် မိုးများပြီးရေကြီးမှုများကြောင့် မတ်ပဲသီးနှံ စိုက်ခင်းများ အပျက်အစီးများခဲ့ပြီး မတ်ပဲဈေးနှုန်းသည် ရက်ပိုင်းအတွင်း တစ်ကွမ်တယ်ကို ၄၀၀-၅၀၀ ရူပီးခန့် မြင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံ၊ ဒေလီနှင့် မွန်ဘိုင်းဈေးကွက်များတွင် ပဲခွဲစက်ရုံများ၏ ဝယ်လိုအားနှင့် ရာသီဥတု ဆိုးရွားလာမှုကြောင့် မတ်ပဲဈေး ၁.၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အိန္ဒိယအစိုးရ အေဂျင်စီ Nafed သည် အရန်ပဲသိုလှောင်ရန် ပြည်ပမှ မတ်ပဲတန်ချိန် ၁၅၀၀ ကို ဝယ်ယူခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံကို မတ်ပဲတင်ပို့လျက်ရှိသော မြန်မာ့မတ်ပဲFAOဈေးနှုန်း တစ်တန်လျှင် ၈၈၅ ဒေါ်လာမှ ၈၉၅ ဒေါ်လာနှင့် မတ်ပဲ SQ ဈေးနှုန်းတစ်တန်လျှင် ၁၀၁၅ ဒေါ်လာမှ ၁၀၂၀ ဒေါ်လာအထိရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် (National Agricultural Cooperative Marketing Federation of India Ltd – Nafed) သည် စက်တင်ဘာလ ၂၆ ရက်နေ့ နှင့် ၂၇ ရက်နေ့များတွင် ပြည်ပမှတင်သွင်းထားသော မတ်ပဲများအား ဝယ်ယူသည့် တင်ဒါခေါ်ထားပြီး ၎င်းမှာ အိန္ဒိယအစိုးရကိုယ်စား မတ်ပဲများအား ဝယ်ယူခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲဈေးတက်လာပါက ဝယ်ယူထားသောပဲများအား ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် (National Cooperative Consumer Federation–NCCF) သည်လည်း စားသုံးသူရေးရာဌာနအတွက် ပြည်ပမှတင်သွင်းထားသော မတ်ပဲနှင့်ပဲစင်းငုံများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ထားကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယအစိုးရသည် လွန်ခဲ့သော ၂ နှစ်ခန့်၌ သိုလှောင်ထားသော အရန်မတ်ပဲ တန်ချိန် ၃ သန်း ကို Nafed အေဂျင်စီမှ တစ်ဆင့် သတ်မှတ်ဈေးနှုန်း MSP ထက်လျော့ဈေးဖြင့် စတင်ရောင်းချလျက်ရှိကြောင်း၊ ရောင်းချနေသည့် မတ်ပဲဈေးနှုန်းများသည် ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစိုးရမှသတ်မှတ်ပေးထားသော MSP ဈေး တစ်ကွမ်တယ်ကို ၅၂၃၀ ရူပီးနှင့် ၅၁၀၀ ရူပီးအောက် လျော့နည်းသည့်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ယခုပြင်ပ ပဲဈေးကွက်များတွင် မတ်ပဲဈေးနှုန်းသည် ၄၃၀၀-၄၆၀၀ ရူပီးခန့်ရှိပြီး အစိုးရသည် မတ်ပဲအဟောင်းများကို ဈေးနှုန်းလျော့ချ၍ ရောင်းချနေသောကြောင့် မတ်ပဲဈေးနှုန်းများ ထပ်မံကျဆင်းနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒေါ်လာဈေးကျဆင်းလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ပဲမျိုးစုံဈေးနှုန်းသည်လည်း ကျဆင်းလာကြောင်း၊ မတ်ပဲဈေးနှုန်းသည် တစ်တန်လျှင် ကျပ်သိန်း ၂၀ မှ ၁၈ သိန်းအောက် ပြန်လည်ကျဆင်းလာခဲ့ပြီး ပဲစင်းငုံဈေးနှုန်းမှာလည်း ကျပ် ၂၁ သိန်း ဝန်းကျင်မှ ကျပ်သိန်း ၂၀ အောက်သို့ တဖြည်းဖြည်းကျဆင်းလာသည်ကို လေ့လာတွေ့ရှိရပါသည်။ ပဲဈေးကွက်တွင် ဈေးနှုန်း ကျဆင်းလာခြင်းသည် ဒေါ်လာဈေးကျဆင်းသွားခြင်းကြောင့်ဖြစ်ပြီး ဒေါ်လာဈေးတက်လာပါက ပြည်ပပို့ကုန် ပဲမျိုးစုံ ဈေးနှုန်းသည်လည်း မြင့်တက်လာနိုင်ကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပွဲတော်ရာသီများတွင် ပဲဈေးနှုန်းများ ပြန်တက်လာနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ၏သတင်းများတွင် မုတ်သုံရာသီမိုး မမှန်ခဲ့မှုနှင့် ယခုမိုးနှောင်းကာလတွင် မိုးကြီးနေမှုတို့ကြောင့် စပါးနှင့်ပဲမျိုးစုံ အထွက်လျော့ကျမည့် အလားအလာ ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံ၏ ယခုနှစ်စိုက်ပျိုးရာသီတွင် ပဲစိုက်ခင်းများ အပျက်အစီးများသောကြောင့် ပြည်ပမှ ဆက်လက် ဝယ်ယူရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား သဘောတူလက်မှတ်ထိုးထားသည့် MOU အရ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲတန်ချိန် ၂ သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် ၁သိန်း (စုစုပေါင်း ၃သိန်းခွဲ) ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် ပဲစင်းငုံဈေးနှုန်းနှင့်ပတ်သက်၍ အာဖရိကဘက်မှ ပဲစင်းငုံများ အဝင်များနေသောကြောင့် အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံဈေးနှုန်းသည် အနည်းငယ်ငြိမ်သက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**Source: ggmunews**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5149-indian-and-burmese-soybean-production-and-market-conditions.html

## အောက်တိုဘာ ၁၉ ရက်နေ့ကျင်းပမည့် ကျောက်မျက်ပြပွဲတွင် ဒေါ်လာ၊ ယူရို၊ ယွမ်၊ ဘတ်တို့ဖြင့် ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံသားများအတွက် သတ်မှတ်နိုင်ငံခြားငွေနှင့်ညီမျှသည့်ကျပ်ငွေဖြင့် ပေးချေခွင့်ပြု

လာမယ့် အောက်တိုဘာလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) မှာ စတင်ကျင်းပပြုလုပ်မယ့် နှစ်လယ်ကျောက်မျက်ရတနာပြပွဲမှာ မြန်မာကျပ်ငွေအပြင် ယူရို၊ အမေရိကန်ဒေါ်လာ၊ ယွမ်(တရုတ်)နဲ့ ဘတ်(ထိုင်း) စတဲ့ နိုင်ငံခြားငွေ (၄)မျိုးနဲ့ ပေးချေဝယ်ယူခွင့်ပြုမယ်လို့ သိရှိရပါတယ်။

အောက်တိုဘာ ၂၅ ရက်နေ့အထိ (၇)ရက်ကြာ ကျင်းပမယ့် ပြပွဲအတွင်း ပုလဲအတွဲ (၄၀၀)၊ ကျောက်မျက်အတွဲ (၁၂၀)နဲ့ ကျောက်စိမ်း (၂,၁၅၀) အတွဲတို့ကို ပြသရောင်းချဖို့ စီစဉ်ထားတယ်လို့ ပြပွဲဗဟိုကော်မတီနာယကဖြစ်တဲ့ သံယံဇာတဝန်ကြီး ဦးခင်မောင်ရီက ပြောဆိုထားပါတယ်။ "ပြပွဲကို အရင်ကကျင်းပခဲ့တဲ့ ပြပွဲတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို သုံးသပ်ပြီး လာရောက်ဝယ်ယူတဲ့ ပြည်ပကရတနာကုန်သည်တွေဟာ ယူရို၊ အမေရိကန်ဒေါ်လာတို့အပြင် ယွမ်၊ ဘတ်စတဲ့ ငွေကြေးအမျိုးအစားတွေနဲ့ပါ ဝယ်ယူခွင့်ပြုမှာပါ"လို့ ဆိုထားပါတယ်။

ပြည်တွင်းက ရတနာလုပ်ငန်းရှင်နဲ့ ကုန်သည်တွေကို ပြပွဲအတွင်း အမေရိကန်ဒေါ်လာတန်ဖိုးနဲ့ညီမျှတဲ့ မြန်မာကျပ်ငွေနဲ့ ဝယ်ယူခွင့်ပြုထားပြီး ပုလဲအတွဲအခြေခံဈေးနှုန်းကို ကန်ဒေါ်လာနဲ့သတ်မှတ်ထားကာ ကျောက်မျက်နဲ့ကျောက်စိမ်းအတွဲတွေကို ယူရိုငွေနဲ့သတ်မှတ်ထားပါတယ်။

ဒီပြပွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် စတုတ္ထအကြိမ်မြောက် ကျင်းပပြုလုပ်မယ့်ပြပွဲဖြစ်ပြီး ပထမအကြိမ်ဖြစ်တဲ့ ၂၀၂၁ ဧပြီလမှာတုန်းက ကျောက်စိမ်း (၂,၁၄၈) တွဲ၊ ကျောက်မျက် (၁၉၉) တွဲနဲ့ ပုလဲ (၃၁၇) တွဲ စတင်ရောင်းချခဲ့ပြီး၊ ဒုတိယအကြိမ် ၂၀၂၁ ဒီဇင်ဘာလမှာဆိုရင် ပုလဲ (၃၃၀) တွဲနဲ့ ကျောက်စိမ်းအတွဲ (၇၈၀) ကို ရောင်းချခဲ့ကာ တတိယအကြိမ် ၂၀၂၂ ဧပြီလမှာတော့ ကျောက်စိမ်းအတွဲ (၂,၀၀၀)၊ ကျောက်မျက်အတွဲ (၁၂၀)နဲ့ ပုလဲအတွဲ (၃၃၀) ကို ပြသရောင်းချခဲ့ပါတယ်။

နောက်ဆုံးကျင်းပခဲ့တဲ့ ပြပွဲတုန်းက ကျသင့်တန်ဖိုးငွေတွေကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)မှာ ဖွင့်လှစ်ထားတဲ့ စာရင်းထံ ပေးချေရတာဖြစ်ပြီး ငွေပေးချေတဲ့နေရာမှာ ကြေးနန်းငွေလွှဲပို့စနစ်(TT) ဒါမှမဟုတ် အပြည်ပြည်ဆိုင်ရာ ငွေလွှဲပို့စနစ် (SWIFT Message) နဲ့ ပေးချေနိုင်ကြောင်း သတ်မှတ်ခဲ့ပါတယ်။

**Source: BETV Business**

## ထိုင်းနိုင်ငံ၏ ရော်ဘာအထွက်နှုန်း မြင့်တက်လာ

ကမ္ဘာ့ရော်ဘာ အများဆုံးထုတ်လုပ်သည့် ထိုင်းနိုင်ငံ၏ ယခုနှစ် သဘာဝရော်ဘာ (NR) ထုတ်လုပ်နိုင်မှုသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်း သိသိသာသာမြင့်တက်ခဲ့သည်ကိုတွေ့ရှိရပြီး တန်ချိန်အားဖြင့် ၅ ဒသမ ၄ သန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့သဘာဝရော်ဘာ ထုတ်လုပ်မှုအားလုံး၏ ၃၄ ဒသမ ၂ ရာခိုင်နှုန်းခန့်အထိ ထုတ်လုပ်နိုင်သော ထိုင်းနိုင်ငံသည် ဇန်နဝါရီလမှဩဂုတ်လအတွင်း သဘာဝရော်ဘာတန်ချိန် ၃ ဒသမ ၀၃၄ သန်း တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၁၀ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်တင်ပို့လာနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုနှစ် ဩဂုတ်လအထိ တင်ပို့ရောင်းချမှုများ၏ ၃၈ ရာခိုင်နှုန်းသည် Block Rubber ၊ ၃၃ ရာခိုင်နှုန်းသည် Mixture Rubber ၊ ၁၅ ရာခိုင်နှုန်းသည် Latex နှင့် ၁၀ ရာခိုင်နှုန်းမှာ RSS တို့ ဖြစ်ပါသည်။

စက်တင်ဘာလမှ ဒီဇင်ဘာလသည် သဘာဝရော်ဘာအများဆုံး ထုတ်လုပ်ရရှိနိုင်သည့် ရာသီချိန်ဖြစ်သောကြောင့် ၂၀၂၂ ခုနှစ် အဆိုပါလေးလအတွင်း ထိုင်းနိုင်ငံသည် သဘာဝရော်ဘာတန်ချိန် ၁ ဒသမ ၅၆၆ သန်း အနည်းဆုံးတင်ပို့နိုင်မည်ဟု မျှော်မှန်းထားပြီး အဆိုပါပမာဏသည် ယခင်နှစ် ကာလတူနှိုင်းယှဉ်ချက်အရ ၅ ဒသမ ၄ ရာခိုင်နှုန်းသာ ပိုမိုသည့်ပမာဏဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးတင်ပို့မှုကို ကြိုတင်ခန့်မှန်းတွက်ချက်လျှင် ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် သဘာဝရော်ဘာတန်ချိန် ၄ ဒသမ ၆ သန်းခန့် တင်ပို့နိုင်မည်ဖြစ်ပြီး၊ ယခင်နှစ်တင်ပို့မှုထက် ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်မည် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ရော်ဘာလက်အိတ်နှင့် အခြားရော်ဘာ အသုံးပြုထုတ်လုပ်သည့် ဆေးရုံသုံးပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန် ပြည်တွင်းသဘာဝရော်ဘာ သုံးစွဲမှုမြင့်တက်လာခဲ့ပြီး ရော်ဘာခြံများမှ ရော်ဘာစေးထွက်ရှိမှုကို တစ်နှစ်လျှင် ရော်ဘာစေးတန်ချိန် တစ်သိန်းကျော်ခန့် ပိုမိုထုတ်လုပ်နိုင်ရန် လိုအပ်လာပါသည်။ ရော်ဘာစေးထုတ်လုပ်သည့် စက်ရုံများတွင် စွမ်းဆောင်ရည်မြင့် လုပ်သားများ လိုအပ်မှုသည်လည်း အရေးပါသည့်အချက်အဖြစ် တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် သဘာဝရော်ဘာ အသုံးပြုမှုတန်ချိန် ၈ သိန်းကျော်ခန့် တိုးမြင့်လာမည်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၈ ခန့် တိုးတက်လာခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံသည် ရော်ဘာတင်သွင်းမှု အလွန်နည်းပါးပြီး တန်ချိန် ၂,၀၀၀ အောက်သာ တင်သွင်းကြောင်းနှင့် သဘာဝရော်ဘာထုတ်လုပ်မှုနှုန်းသည် ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့ရန်လုံလောက်ကြောင်း ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရတွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ထုတ်လုပ်နိုင်မှုပမာဏမှာ တန်ချိန် ၄ ဒသမ ၈၂၅ သန်းဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၄ ဒသမ ၇၉၂ သန်းဖြစ်ပါသည်။

Average of X+C for 2019 to 2021: 4.792 million tons (Rounded as 4.8 million)

Average of P for 2019 to 2021: 4.825 million tons (Rounded as 4.8 million)

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ထုတ်လုပ်မှုကိန်းဂဏန်းများသည် ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများဖြစ်ပါသည်။ သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ သဘာဝရော်ဘာ ထုတ်လုပ်မှုသည် တန်ချိန် ၅ ဒသမ ၄ သန်းရှိမည်ဖြစ်ပြီး ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး ယခင်နှစ်ထက် တန်ချိန် ငါးသိန်းကျော် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

လဲ့လဲ့နှင်း (MYANTRADE)

Source:https://myantrade.gov.mm/article/%E1%80%91%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%B8%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA

## ရန်ကုန်ဆိပ်ကမ်းများ၌ စက်သုံးဆီနှင့်စားသုံးဆီတင်သင်္ဘောများအပါအဝင် သင်္ဘော ၂၃ စီး ဆိုက်ကပ်၍ ကုန်တင်ကုန်ချ လုပ်ငန်းများဆောင်ရွက်နေ

နိုင်ငံတကာကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် ရန်ကုန်ဆိပ်ကမ်းမှတဆင့် နိုင်ငံတကာသို့ ပင်လယ်ရေကြောင်းမှ ပို့ကုန်များတင်ပို့လျက်ရှိသည်။

ကုန်သေတ္တာတင်သင်္ဘောများဖြင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ အထည်အလိပ်၊ ဆေးနှင့်ဆေးပစ္စည်း၊ စားသောက် ကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကော်စေ့တို့အား တင်သွင်း လျက် ရှိသည်။ ရေထွက်ကုန်၊ ချုပ်ပြီးအဝတ်အထည်၊ ကောက်ပဲသီးနှံထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရော်ဘာတို့အား မြန်မာနိုင်ငံမှ ပြန်လည်တင်ပို့လျက်ရှိသည်။

အောက်တိုဘာလတွင် ဝင်ရောက်ရန်လျာထားသည့် ကုန်သေတ္တာတင်သင်္ဘောများအနက် ယနေ့အထိ သင်္ဘောစီးရေ ၅၅ ရာခိုင်နှုန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာတင်သင်္ဘော ၂ စီး၊ အထွေထွေကုန်စည်တင်

သင်္ဘော ၁၅ စီး၊ စက်သုံးဆီသင်္ဘော ၅ စီးနှင့် စားသုံးဆီသင်္ဘော ၁ စီး(စုစုပေါင်းသင်္ဘော ၂၃ စီး)ဆိုက်ကပ်၍ ကုန်တင်ကုန်ချ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ပို့ကုန်ဆန်နှင့်လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပမာဏများသည့် ပို့ကုန်များကို ကုန်သေတ္တာတင်သင်္ဘောများအပြင် အထွေထွေကုန်စည်တင်သင်္ဘောများဖြင့်လည်း သင်္ဘောစင်းလိုက် ငှားရမ်းပို့ဆောင်လျက်ရှိသည်။ ထိုသို့ပို့ဆောင်ရာ၌ ယနေ့တွင် အရှေ့တောင်အာရှနှင့်ဥရောပသို့ ဆန်တင်သင်္ဘော ၃ စီး၊ ပြောင်းဆန်တင်သင်္ဘော ၄ စီး၊ အထွေထွေကုန်တင်သင်္ဘော ၁၅ စီးဖြင့် ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသည်။

ဓာတ်မြေဩဇာများ၊ ဘိလပ်မြေများ၊ စက်ယန္တရားကြီးများ၊ စက်သုံးဆီနှင့် စားသုံးဆီများ တင်ဆောင်လာသည့် သင်္ဘောများမှာလည်း သီလဝါနှင့်ရန်ကုန်ဆိပ်ကမ်းများတွင်ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုအနေဖြင့် ပွင့်လင်းရာသီရောက်သည်နှင့် ရေကြောင်းသယ်ယူပို့ဆောင်မှု ကောင်းမွန်လာကာ သင်္ဘောကြီးများ ပိုမိုဝင်ရောက်လာပြီး မြန်မာ့ထွက်ကုန်များကို နိုင်ငံတကာသို့ တိုးတက်ပို့ဆောင်လျက်ရှိသည်။

**Source:** https://www.popularmyanmar.com/?p=88903

## ပြည်တွင်းပဲများ FOB ဈေးနှုန်း ဈေးမာနေ




အိန္ဒိယတွင် ပဲရှားလာပြီး ပြည်တွင်း၌လည်း လက်ကျန်နည်းလာသည့်အတွက် FOB ဈေးနှုန်း ဈေးမာနေကြောင်း ကုန်သည်တချို့ထံမှသိရသည်။ လက်ရှိတွင် အာဖရိကပဲများ အိန္ဒိယသို့ ဝင်ရောက်နေခြင်းကြောင့်သာ အနည်းငယ်ငြိမ်နေခြင်းဖြစ်ပြီး နောက်ပိုင်း ပြန်တက်နိုင်ချေရှိကြောင်းသိရသည်။

“FOB ဈေးနှုန်းက ပြီးခဲ့တဲ့ နှစ်နဲ့ယှဉ်ရင် နှစ်ဆယ်ရာခိုင်နှုန်းခန့် တက်သွားတယ်ပြောလို့ရတယ်။ တင်ပို့မှု အခြေအနေကတော့ ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင်မဆိုးပါဘူး သိပ်မကွာဘူး။ ပဲစင်းငုံကတော့ တက်ပြီးမှငြိမ်မယ်။ သူတို့ဆီမှာလဲပေါ်ဖို့ လိုသေးတယ်။ ပြည်တွင်းမှာလဲ လက်ကျန်နည်းနေပြီ၊ အခုက တခြားနိုင်ငံဝင်နေလို့ ခဏငြိမ်နေတဲ့သဘောပါ”ဟု အောင်လံမြို့မှ ပဲကုန်သည် ဦးအောင်မိုးကပြောသည်။

ပြည်ပပေါက်ဈေး FOB အနေဖြင့် မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၇၈၀ ရှိပြီး ပဲစင်းငုံတစ်တန်လျှင် ၈၃၀ ခန့်ရှိကြောင်းသိရသည်။ လက်ရှိ အိန္ဒိယနိုင်ငံအနေဖြင့် မတ်ပဲကိုသာအဝယ်များပြီး ပဲစင်းငုံအဝယ်နည်းကြောင်းသိရသည်။ “exports သမားသိပ်မကိုက်ဘူးပေ့ါ၊ ၆၅ ရာခိုင်နှုန်းနဲ့ ၃၅ ရာခိုင်နှုန်းကြီးခံနေတော့ မကိုက်ဘူး၊ ဒါက ပြင်ပပေါက်ဈေးဖြစ်နေတော့။ ဒါကိုပြန်ပြင်ဖို့ မှန်းထားတယ်။ ဒါမရှိရင်ကိုက်ပြီ၊ ဒါကြောင့် မတင်ပို့နိုင်တာ။ FOB က ဝယ်တော့ဝယ်တယ်၊ ဒါပေမဲ့ မတ်ပဲကိုပိုဝယ်တာများတယ်။ ပဲစင်းငုံကျ ဝယ်တာနည်းတယ် ”ဟု ယင်းက ဆက်လက်ပြောသည်။

ထို့အပြင် လက်ရှိ ပြည်တွင်းလက်ကျန်နည်းပြီး ပြည်တွင်းသို့ တချို့ပြည်ပပဲများ ဝင်ရောက်မှုနည်းလာသည့် အတွက်လည်း ပြည်တွင်းပဲဈေးမှာ ဈေးမာနေခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိ ရန်ကုန်ဈေး မတ်ပဲတစ်တန်လျှင် ယခင်က ၂၁ သိန်းမှ ၁၈ သိန်းထိ ကျဆင်းသွားကာ ၁၈ သိန်း ၃ သောင်းသို့ ပြန်တက်လာခြင်းဖြစ်ပြီး ပဲစင်းငုံတစ်တန်လျှင် ယခင် ၂၂ သိန်းမှ ၁၉ သိန်းထိကျဆင်းသွားကာ လက်ရှိ ၁၉ သိန်း ၅ သောင်းသို့ ပြန်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ ဈေးနှုန်းများမှာ နေရာဒေသပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရသည်။

နောက်ပိုင်းတွင် လက်ရှိအိန္ဒိယနိုင်ငံမှ လိုအပ်ချက်အများဆုံးဖြစ်နေသည့် ပဲစင်းငုံမှာ ဈေးဆက်လက်တက်နိုင်ကြောင်း ကုန်သည်တချို့ခန့်မှန်းကြသည်။ “ပြည်တွင်းစားသုံးတဲ့ ပဲတွေကတော့ ၆ သောင်းဝန်းကျင်တွေပဲ ကုလားပဲ၊ ပဲကြီးတို့က အမြဲတမ်းဈေးတက်ပြီး အရောင်းဝယ်ကောင်းတယ်” ဟု မန္တလေးပဲကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် ပြည်တွင်းပဲ အထွက်နှုန်းမှာ သွင်းအားစုဈေးနှုန်းတွေ မြင့်တက်နေမှုနှင့် တခြားပြည်တွင်း အခက်ခဲများကြောင့် စိုက်ဧကများ လျော့ကျလျက်ရှိကြောင်းလည်းသိရသည်။ မြန်မာနိုင်ငံမှာ အဓိကစိုက်ပျိုးသည့် ပဲအမျိုးအစားတွေဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းဈေးနှုန်း အပြောင်းအလဲမှာ အဓိကဝယ်လက်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒအပေါ်မှာလည်း အများကြီး သက်ဆိုင်ကြောင်းလည်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသို့ အဓိကတင်ပို့နေပြီး တရုတ်၊ သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနဲ့ UAE နိုင်ငံတွေကို ပဲမျိုးစုံ တင်ပို့နေကြောင်း သိရသည်။

(AMIA)

Source: htwettoe

## မော်လမြိုင်ကုန်စည်ဒိုင် **နေ့စဉ်**ဈေးနှုန်းပေါက်ဈေး

မော်လမြိုင်မြို့၊ မော်လမြိုင်ကုန်စည်ဒိုင်၏ ၂၀၂၂ အောက်တိုဘာ ၁၅ ရက် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းပေါက်ဈေးမှာ ရော်ဘာ RSS3 မှိုင်းခံပြား တစ်ပေါင် ကျပ် ၁၄၃၀၊ ဒေသထွက် ၁၀၈ ပေါင် **ဆန်တစ်အိတ် (အနိမ့်)**ဈေးနှုန်း ဧည့်မထ ကျပ် ၄၁၀၀၀၊ ပေါ်ကျွဲ ကျပ် ၅၀၀၀၀၊ ပေါ်ဆန်း ကျပ် ၅၈၀၀၀၊ ၂၀ ပိဿာဝင် **ပဲတစ်တင်း** ဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၆၁၅၀၀၊ ပဲလွန်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုတ် ကျပ် ၆၁၀၀၀၊ **စားဖိုဆောင်သုံးသီးနှံ** တစ်ပိဿာဈေးနှုန်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၃၈၀၀၊ မုံရွာကြက်သွန်နီ (ငယ်) ကျပ် ၃၃၀၀၊ (လတ်) ကျပ် ၃၇၀၀၊ (ကြီး) ကျပ် ၃၈၀၀၊ ဂျင်း ကျပ် ၁၄၀၀၊ ငရုတ်သီးတစ်ပိဿာ ရှမ်းကျွန်း ကျပ် ၁၈၅၀၀၊ မိုးထောင်(အသစ်) ကျပ် ၁၄၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၂၀၅၀၊ **သစ်သီးဝလံ**တွင် ပန်းရောင်ကျွဲကောသီးတစ်လုံး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ **ရေထွက်ကုန်** တစ်ပိဿာ ဈေးနှုန်း ငါးဒန် ကျပ် ၃၅၀၀၊ ငါးမြစ်ချင်း ကျပ် ၅၂၀၀၊ တီလားပီးရား ကျပ် ၇၀၀၀၊ ကင်းမွန်ကျပ် ၂၈၀၀၀ ၊ ကကတစ် ကျပ် ၁၄၀၀၀၊ ငါးကွန်းရှပ် ကျပ် ၉၀၀၀၊ ငါးပုတ်သင် ကျပ် ၇၅၀၀၊ ပုဇွန်ပျော့ ကျပ် ၁၈၀၀၀ မှ ၂၆၀၀၀ နှင့် ရေချိုပုဇွန်ထုပ်(စိမ်း) ၃၂၀၀၀ မှ ၆၈၀၀၀ ကျပ် အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

Source: **ရာမညကုန်သွယ်မှုဗဟိုဌာန**

## မြေပဲဆန်ဈေးများ အနည်းငယ်ပြန်လည်၍ မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် မြေပဲဆန်များ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူနှင့် မြေပဲဆီဆန်ဆိုပြီး အမျိုးမျိုးရှိရာ ယခုနှစ်မှာတော့ မြေပဲဆန်ဈေးဟာ အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်နေတာကြောင့် မြေပဲစိုက်တောင်သူများအနေဖြင့် ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ဈေးကောင်းရနေတာလည်းဖြစ်ပါတယ်။ ယခုနှစ် ဈေးကောင်းရနေတာကြောင့် တောင်သူများဟာ လာမည့်စိုက်ပျိုးရာသီတွင် ဧကများ တိုးချဲ့စိုက်ပျိုးမှာဖြစ်တဲ့အတွက် ဈေးကွက်အလားအလာကောင်းရှိသော မြေပဲ(ဆောင်း)သီးနှံကို မြေနုကျွန်းစိုက်ခင်းသာမက ယာစိုက်ခင်း မှာပါ တိုးချဲ့စိုက်ပျိုးကြမယ်လို့ သိရှိရပါသည်။

စားအုန်းဆီတင်သွင်းမှု လျော့ချခဲ့တာကြောင့် ပြည်တွင်းစားသုံးဆီကြိတ်တဲ့ မြေပဲဆန်ဈေးများ မြင့်တက်လာကာ ယခင်နှစ်တွင် မြေပဲဆန်(၁)ပိဿာလျှင် ကျပ်(၃၀၀၀)ကျော် ဈေးသာရရှိခဲ့သော်လည်း ယခုနှစ်တွင် မြေပဲဆန်ဈေးမှာ (၅၀၀၀)ကျပ်မှ (၇၀၀၀)ကျပ်ဈေးအထိ မြင့်တက်လာတာကို တွေ့ရပါသည်။ မိုးမြေပဲများ ပေါ်ထွက်လာပြီးနောက် အောက်တိုဘာလဆန်းပိုင်းတွင် မြေပဲဆန်ဈေးများ အနည်းငယ်ကျ ဆင်းလာသော်လည်း မြေပဲဆန်(၁)ပိဿာလျှင် ကျပ်(၅၀၀၀)နှင့် အထက်မှာ ဈေးပေါက်နေတဲ့အတွက် တောင်သူများအနေဖြင့် တွက်ခြေကိုက်နေသေးတာကိုလည်း တွေ့ရပါတယ်။ ယခုရက်ပိုင်းမှာတော့ မြေပဲ(ဆောင်း)သီးနှံများ စိုက်ပျိုးမှာဖြစ်တဲ့အတွက် မျိုးမြေပဲဆန်ဈေးများ ပြန်လည်ဦးမော့လာပါသည်။

ယခင်တစ်ပတ် (၁၁.၁၀.၂၀၂၂)ရက်နေ့မှာတော့ မြေပဲဆန်(၁)ပိဿာလျှင် ကျပ်(၅၅၀၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ် (၁၇.၁၀.၂၀၂၂)ရက်နေ့မှာတော့ မြေပဲဆန်(၁)ပိဿာလျှင် ကျပ်(၅၈၀၀)ဈေးရှိခဲ့တဲ့အတွက် တစ်ပတ်အတွင်း (၁)ပိဿာလျှင် (၃၀၀)ကျပ်၊ မြေပဲတောင့်(အစို) (၁)တင်းလျှင် ယခင်တစ်ပတ် (၁၁.၁၀.၂၀၂၂)ရက်နေ့မှာတော့ ကျပ်(၁၈၀၀၀)ဈေး၊ ယခုတစ်ပတ် (၁၇.၁၀.၂၀၂၂) ရက်နေ့မှာတော့ ကျပ်(၂၂၀၀၀)ဈေး ဖြစ်သည့်အတွက် (၁)တင်းလျှင် (၄၀၀၀)ကျပ်ဖြင့် ပြန်လည်၍ ဈေးအနည်းငယ်မြင့်တက်လာတာကို တွေ့ရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

# STOCK EXCHANGE (18.10.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,300 | 1,047 | 9,754,100 | 33,109,694 | 311,231 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 10,432 | 36,142,500 | 38,929,150 | 134,306 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 12 | 93,600 | 10,400,986 | 81,128 |
| FPB | 00004 | 21,000 | -500 | -2.33% | 21,000 | 21,000 | 21,000 | 44 | 924,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 2 | 5,500 | 19,977,223 | 54,937 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 90 | 459,000 | 10,497,598 | 53,538 |


## Market summary

As of 18th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.22 | -1.25 | -0.30% | 416.47 | 416.47 | 414.02 | 11,627 | 47,378,700 | 7 | 722,317 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 18th Oct. 2022

| MYANPIX | 415.22 ▼ 1.25 |
|---|---|
| Total Volume (shares) | 11,627 |
| Total Value (MMK) | 47 mil |
| Listed Company | 7 |
| Market Cap. (MMK) | 722,317 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 0 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,000 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,100 | ▲ 0 |